## <u>ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၁)</u>

## လူထုဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေး နှင့် ရှေ့ဆက်ရမည့် ခရီး

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ (Semi-political and semi-legal document) နိုင်ငံရေးတဝက်၊ ဥပဒေရေးတဝက် ရောစွက်ထားတဲ့ စါတမ်း ဖြစ်တယ်လို့ ပညာရှင်တွေက အဆိုအမိန့်ရှိကြပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာပြဿနာတွေနဲ့ အနာဂါတ်မှာပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာတွေကို နိုင်ငံရေး နောက်ခံနဲ့ဥပဒေရေး ရှုဒေါင့် နှစ်ရပ်စလုံးကနေ အခုတပတ်တင်ပြ ဆွေးနွေးလိုပါတယ်။

နအဖ အနေနဲ့ သူပြင်ဆင်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဇွတ်ရော၊ အတင်းရော အတည်ပြုကြောင်း ကြေငြာလိုက်ပါပြီ။ သည်နောက်မှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီ နဲ့ တိုင်းရင်းသားအခွင့်အရေး၊ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး စသည်တို့ကို လိုလား တိုက်ပွဲဝင်နေတဲ့ နိုင်ငံရေးအင်အားစုတွေ အကြားမှာ ဘာဆက်လုပ်ကြမလဲဆိုတဲ့ မေးခွန်းတွေ ပေါ်လာပါတယ်။ အဖွဲ့အစည်းတခုခြင်းစီအတွင်း၊ အဖွဲ့အစည်းတခုနဲ့ အခြားတခု အတွင်း၊ တပ်ပေါင်းစုတွေအတွင်းနဲ့ လှုပ်ရှားတက်ကြွကြတဲ့ ရဟန်းတော်တွေနဲ့ ကျောင်းသား လူငယ်အင်အားစုတွေ အတွင်းမှာ အပြန်အလှန် မေးမြန်းဆွေးနွေးမှု၊ အမြင်ခြင်း ဖလှယ်မှုတွေ ရှိလာပါတယ်။

နိုင်ငံရေးအရ အမြင်မရှင်းသမျှကာလ ပတ်လုံး ဘယ်တော့မှ ရှင်းရှင်းလင်းလင်းရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်လာနိုင်မှာ မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းဟာ သက်ဆိုင်ရာတိုင်းပြည်က လက်ခံကျင့်သုံးလိုတဲ့ နိုင်ငံရေး စနစ်တရပ်ရပ်ကို အခြေခံပြီးမှ ရေးဆွဲပြဌာန်းရတာဖြစ်ပါတယ်။ အနောက်ဒီမိုကရေစီနိုင်ငံတွေဟာ တဦးခြင်းလွတ်လပ်မှုကို အဓိကထားတဲ့ နိုင်ငံရေးစနစ် Liberalism အပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြတယ်။ တရုပ်၊ ဆိုဗီယက်ရုရှဟောင်းနဲ့ ကျူးဘား အစရှိတဲ့ နိုင်ငံတွေဟာ လူ့အဖွဲ့အစည်းတရပ်လုံး ကောင်းကျိုးကို အဓိက ဦးတည်တဲ့ နိုင်ငံရေးစနစ် Socialiam အပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြတယ်။ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ် အစရှိတဲ့ နိုင်ငံတွေဟာ တဦးခြင်းလွတ်လပ်ခွင့်နဲ့ လူ့အဖွဲ့အစည်း တရပ်လုံးရဲ့ ကောင်းကျိုးတို့ကို မျှတစွာကျင့်သုံးဘို့ကြိုးစားတဲ့ ဆိုရှယ်ဒီမိုကရက်လို့ ခေါ်တဲ့ နိုင်ငံရေးစနစ်တရပ် အပေါ်အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြတယ်။

မြန်မာနိုင်ငံမှာ ပထမဆုံးပေါ်ခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လစ်ဘရယ်နဲ့ ဆိုရှယ်လစ်ကို ရောစွက်ထားတဲ့ ဖွဲ့စည်းပုံလို့ပြောနိုင်ပါတယ်။ ဒုတိယပေါ်လာတဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျတော့ဆိုရှယ်လစ် အရောင်အသွေးဆိုးထားပြီး တပါတီအာဏာရှင်စနစ်ကို ကျင့်သုံးသွားတဲ့ ဖွဲ့စည်းပုံဖြစ်ပါတယ်။ အခုလက်ရှိ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ (တနည်းအားဖြင့်ပြောရရင် နာဂစ်မုန်တိုင်းကျပြီး လူထုအတွက် အမင်္ဂလာတွေ ဖြစ်နေတုံးမှာ အတင်းအကြပ်အတည်ပြုခံလိုက်ရတဲ့ ဖွဲ့စည်းပုံဖြစ်တာကြောင့် နာဂစ် ဖွဲ့စည်းပုံ ရယ်လို့ ပြည်သူတွေ ကင်ပွန်းတပ် လိုက်တဲ့ဖွဲ့စည်းပုံ) ကတော့ အစကနေ အဆုံး စစ်အာဏာရှင်စနစ်ကို စနစ်တကျ အသက်သွင်းထားတဲ့ ဖွဲ့စည်းပုံ စစ်စစ်ပါဘဲ။ ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို ကမ္ဘာမှာ ဘယ်နိုင်ငံမှာမှ ရှာလို့တွေ့နိုင်မှာမဟုတ်ပါဘူး။ ဒီလို သဘောမျိုးဆန်ဆန် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို တဖြေးဖြေး ပြင်ဆင် ကျင့်သုံးသွားနိုင်တဲ့အတွက် လူထုအခွင့်အရေးတွေ တိုးတက်ရရှိပြီး ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်သွားနိုင်တဲ့ တိုင်းပြည်ဆိုလို့ ကမ္ဘာပေါ်မှာ တခုမျှ မရှိပါဘူး။

နအဖက သူ့ဖွဲ့စည်းပုံကို အတည်ပြုပြီးတဲ့ နောက်မှာလူထုအနေနဲ့ ဆက်လက် လျှောက်လှမ်းဘို့ နိုင်ငံရေးအရ ရွေးစရာ လမ်းနှစ်သွယ်ဘဲ ရှိပါတယ်။ စစ်အာဏာရှင် စနစ်ကို ရွေးချယ်မလား။ ဒါမှ မဟုတ် လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ တိုင်းရင်းသားအခွင့်အရေး၊ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး စတာတွေ ရမယ့် လမ်းကြောင်းကို ရွေးချယ်မလား။

ပထမ လမ်းကြောင်းကို ရွေးချယ်မယ် ဆိုရင်တော့ နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံကို လက်ခံပြီး ၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲကို ဝင်ကြရုံဘဲ ရှိပါတယ်။ ဒုတိယလမ်းကြောင်းကို ရွေးချယ်မယ်ဆိုရင်တော့ နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အဲဒါကို အခြေခံပြီးနောင်ကို ပေါ်လာမယ့် ဘယ်လို နိုင်ငံရေးလုပ်ငန်းစဉ်ကို မဆို ပြတ်ပြတ်သားသား ဆန့်ကျင်သွားကြရ မှာဖြစ်ပါတယ်။

အတွေးရှင်းမှ ရပ်တည်ချက် ရှင်းပါလိမ့်မယ်။ အကျိုးဆက်အနေနဲ့ အလုပ်လဲ ရှင်းသွားမှာပါဘဲ။ အတွေးတွေ ဝေဝါးနေသမျှ ကာလပတ်လုံး ဘယ်တော့မှ ရပ်တည်ချက် မရှင်းနိုင်ပါဘူး။ အကျိုးဆက်အနေနဲ့ အလုပ်လဲ မရှင်းတော့ဘဲ တောလုပ်၊ တောင်လုပ်တွေ ဖြစ်နေပါလိမ့်မယ်။

နအဖ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးတစုဟာ စစ်အာဏာရှင်စနစ်ကို သာ အသေကိုင်ပြီး မပြန်လမ်းကို လှမ်းသွားပြီလို့ ပြောနိုင်ပါတယ်။ သူ့ ရဲ့ ဖွဲ့ စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၃၆) ပြင်ဆင်ခြင်းအခန်းမှာ

---

လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

ဆိုတဲ့ ပြဋ္ဌာန်းချက်အရ ရှင်းသွားတဲ့ အချက်ရှိပါတယ်။ အဲဒါကတော့ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရေးကြီးတဲ့ ကျောရိုးတွေအားလုံးမှာ ထည့်သွင်းပြဋ္ဌာန်း အသက်သွင်းထားတာတွေကို ပြင်ခွင့်မပြု တော့ဘူး ဆိုတဲ့ အချက်ပါဘဲ။

ဒါကြောင့် ရှေ့ဆက်ပြီးလျှောက်လှမ်းရမယ့် ခရီးမှာ ကြားအဆင့်ဆိုတာ မရှိတော့ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းထားတဲ့ စစ်အာဏာရှင်စနစ်ရဲ့ ကြောရိုးတွေကို တဖြေးဖြေးပြင်ပြီး ဒီမိုကရေစီ ရအောင် လုပ်သွားမယ်ဆိုတဲ့ စေ့စပ်ဖြန်ဖြေရေး အလယ်အလတ်လမ်းစဉ် ကျင့်သုံးသွားမလိုလို စိတ်ကူးယဉ်ကြတဲ့ ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေအတွက် နေရာကို ရှာလို့တွေ့နိုင်မှာ မဟုတ်တော့ဘူး။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံက နေ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးများ ရမလားလို့ မြှော်မှန်းပြီး အပစ်အခတ်ရပ်စဲသွားကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းတွေအတွက် ပြဋ္ဌာန်းချက် တခုတလေမျှ မပါရှိပါဘူး။

တကယ်တော့ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ရဘို့အတွက် စစ်အာဏာရှင်စနစ်ကို အသေကိုင်စွဲထားကြတဲ့ ဗိုလ်ချုပ်တွေနဲ့ လည်ပင်းဖက်သွားလို့ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် စွန့်လွှတ်ဘို့ သဘောထား ခိုင်ခိုင်မာမာရှိသူ စစ်ဗိုလ် စစ်သားတွေ၊ လွန်ခဲ့တဲ့ ကာလတွေအတွင်းက ပြစ်မှုကျူးလွန်ခဲ့မှုတွေအပေါ် ရိုးရိုးသားသား ဖွင့်ဟဝန်ခံလိုသူ စစ်ခေါင်းဆောင်တွေနဲ့သာ တိုင်းပြည်ပြန်လည်တည်ဆောက်ရေး အတွက် လက်တွေ့ ဆွေးနွေး ဖေါ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

တိုင်းပြည် အုပ်ချုပ်ခွင့်ရခဲ့တဲ့ လူဖြူတွေက လူဖြူလူမဲ ခွဲခြားရေးဝါဒကို အပြီးအပိုင်စွန့်လွှတ်ဘို့ သဘောတူပြီးတဲ့နောက်မှာ ၁၉၉၆ခုနှစ် တောင်အာဖရိက နိုင်ငံရဲ့ ဖွဲ့ စည်းပုံအခြေခံဥပဒေကို ရေးဆွဲကျင့်သုံးခဲ့ကြတာ ဖြစ်ပါတယ်။ ဒီ အခြေခံပေါ်ကနေ တောင်အာဖရိကနိုင်ငံမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရှာဖွေခဲ့တာပါဘဲ။ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ခြင်တယ်ဆိုတယ် ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ စစ်အာဏာရှင်စနစ်ကို နေရာပေးလို့ လုံးဝမရနိုင်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ စစ်အာဏာရှင်စနစ်ကိုအသက် သွင်းထားတဲ့ အခြေခံကနေ ဘယ်တော့မှ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှာနိုင်မှာမဟုတ်ပါဘူး။ ဒီပဲယင်း လုပ်ကြံမှုကြီးမှာ တာဝန်ရှိမှုကို ဖေါ်ထုတ်ဝန်ခံခဲ့ပြီး စစ်အာဏာရှင်စနစ်ကို စွန့်လွှတ်ဘို့ သဘောထားရှိတဲ့ ဗိုလ်မှူးအောင်လင်းထွတ်လို ပုဂ္ဂိုလ်မျိုးတွေကို တိုင်းပြည်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ ထိပ်တန်းကနေ စဉ်းစားသင့်တာ အမှန်ပါဘဲ။

အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ လှပတဲ့ ရွှေရောင်စကားလုံးလေးတွေကိုသုံးစွဲပြီး စစ်အာဏာရှင်စနစ်ကို အသေအလဲ ဖက်တွယ်ထားတဲ့ ဗိုလ်ချုပ်တွေနဲ့ ပေါင်းဖက်ဘို့ကြိုးစားသူတွေကတော့ ဝံပုလွေနဲ့ သွားကစားတဲ့သူနဲ့ သာ တူပါလိမ့်မယ်။ အခု ၂၀၀၈ ခုနှစ်မှာ အတည်ပြုလိုက်တဲ့ နာဂစ် ဖွဲ့စည်းပုံအပေါ်မှာ အခြေခံပြီး ၂၀၁၀ ခုနှစ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲဝင်ဘို့များ စိတ်ကူးလို့ကတော့ ဝံပုလွေနဲ့သွားပြီး ကစားတဲ့သူထက် ဆိုးသွားမှာပါ။ ရိုးရိုးစဉ်းစားမယ် ဆိုရင်ကို ရှင်းနေတဲ့အချက်ပါ။ နိုင်ငံရေးပါတီတွေ ရွေးကောက်ပွဲကို ဘာကြောင့်ဝင်မှာလဲ။ နိုင်ငံရေးအာဏာရယူ၊ အစိုးရဖွဲ့ ၊ တိုင်းပြည်ကို အုပ်ချုပ်သွားပြီး၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ခြင်လို့ ဖြစ်ပါတယ်။

၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲဆိုတာ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့ စည်းပုံအခြေခံဥပဒေကို အခြေခံပြီးမှ ကျင်းပသွားမှာဖြစ်တယ်။ အဲဒီ ဖွဲ့စည်းပုံမှာ အနိုင်ရတဲ့ နိုင်ငံရေးပါတီတွေက တိုင်းပြည်ရဲ့အုပ်ချုပ်ရေး အာဏာကို အမြင့်ဆုံးကျင့်သုံးသွားမယ့် သမတ နေရာကို ယူနိုင်တဲ့ ပြဋ္ဌာန်းချက် တကြောင်းတလေမျှမပါ ပါဘူး။ ရှင်းအောင်ပြောရရင် ရွေးကောက်ပွဲဝင်ပြီး အနိုင်ရပေမယ့် ၊ အနိုင်ရပါတီအနေနဲ့ အစိုးရအဖွဲ့ ဖွဲ့ပြီး အုပ်ချုပ်သွားခွင့်ရဘို့ ဘာအာမခံချက်မှ မရှိဘူး။ ဒါကြောင့် ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲဝင်ဘို့ စဉ်းစားတယ်ဆိုတာဟာ စစ်အာဏာရှင်စနစ်ကို ကျင့်သုံးသွားဘို့ သဘောထားခိုင်ခိုင်မာမာရှိနေတဲ့ ဗိုလ်ချုပ်တွေကို ပခုံးနဲ့ ထမ်းပြီး ရာဇပလ္လင် ပေါ်တင်ပေးတဲ့ အလုပ်ထက် ဘာမှ ပိုဘို့ မရှိပါဘူး။

ရွေးကောက်ပွဲဝင်ဘို့ စိတ်ကူးများ ရှိတယ်ဆိုရင် နအဖရဲ့ နဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၄ ကို အရင်လေ့လာကြည့်ဘို့ လိုပါလိမ့်မယ်။

နိုင်ငံရေး ပါတီ တရပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နှင့် အချုပ်အခြာအာဏာ တည်တန့်ခိုင်မြဲရေး တို့ကို ဦးတည်ချက်အဖြစ်ထားရှိရမည်။

ဆိုတဲ့ အချက်ကို အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ အဲဒါ ဘာကို ဆိုလိုပါသလဲ။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး စတာတွေကို ဦးတည်ချက်အဖြစ်ထားတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေကို ဖျက်သိမ်းခိုင်းတော့မယ်၊ အနည်းဆုံး အနေနဲ့ ရွေးကောက်ပွဲဝင်ခွင့်ပေးမှာ မဟုတ်ဘူး ဆိုတာကို ဖေါ်ပြနေတာပါဘဲ။

တကယ်တော့ ဒီကနေ့လို အရေးကြီးတဲ့ ကာလမှာ အတွေးရှင်းရှင်း စဉ်းစားကြရမှာဖြစ်ပါတယ်။ နအဖက သူ့လမ်းသူ လျှောက်လှမ်းသွားပါပြီ။ လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ တိုင်းရင်းသားအခွင့်အရေး၊ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးတွေကို လိုလားတိုက်ပွဲဝင်နေတဲ့ ပါတီ အဖွဲ့အစည်းတွေနဲ့ လူထုတွေဟာလည်းကိုယ့် လမ်းကိုယ် လျှောက်ကြရုံဘဲ ရှိပါတယ်။ နိုင်ငံရေးအရ ဒီလို ရှင်းရှင်းစဉ်းစားနိုင်မယ် ဆိုရင် ဥပဒေအရ လုပ်စရာတွေ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ တပုံတခေါင်းကြီး ရှိနေပါတယ်။

မလွဲသာ မရှောင်သာတဲ့အတွက် လက်နက်ကိုင်ပြီး ခုခံစစ်ဆင်နွှဲနေရတဲ့ အင်အားစုတွေ အားလုံးအပေါ်နားလည် စါနာမှု ရှိဘို့ လိုပါတယ်။ ဒါပေမယ့် တိုင်းပြည်တခုလုံးကို အခြေအမြစ်ကနေ ပြောင်းလဲစေခြင်တယ်ဆိုရင်တော့ စစ်အင်အားနဲ့ ဖိနှိပ်မှုကို လူထုတွေ စနစ်တကျ စုစည်းမှုအပေါ် အခြေခံတဲ့ ဥပဒေစိုးမိုးရေးလှုပ်ရှားမှုတွေသုံးပြီး ယှဉ်ပြိုင် အနိုင်ယူခြင်းသည်သာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ဒီ အတွက် ကြောရိုးအနေနဲ့ ကတော့ လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ တိုင်းရင်းသားအခွင့်အရေးတွေအတွက် အာမခံချက်ရှိပြီး၊ လူထုဆန္ဒနဲ့ ဘဝတွေကို ထင်ဟပ်နိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေး၊ အဲဒီ အပေါ်မှာ အခြေခံတဲ့လူထု အစိုးရတရပ် ပေါ်ပေါက်လာရေးတွေ ဖြစ်နိုင်တဲ့အကြောင်း တင်ပြရင်း ဒီတပတ် နိဂုံးချုပ်ပါရစေ။